Equality Myanmar

# မြန်မာနိုင်ငံတွင်း ပြည်သူလူထု၏ အခွင့်အရေးများနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ၏ စိုးရိမ်ဖွယ်အခြေအနေ- အနှစ်ချုပ်အစီရင်ခံစာ



## အစီရင်ခံစာ၏အကျဉ်းချုပ်

ညီမျှခြင်း-မြန်မာ (Equality Myanmar)မှ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပြည်သူလူထု၏ အခွင့်အရေးများနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ၏ စိုးရိမ်ဖွယ်အခြေအနေများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို စုစည်း၍ ဤအစီရင်ခံစာတွင် တင်ပြထားပါသည်။

ညီမျှခြင်း-မြန်မာ (Equality Myanmar)မှ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပြည်သူလူထု၏ အခွင့်အရေးများနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ၏ စိုးရိမ်ဖွယ်အခြေအနေများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို စုစည်း၍ ဤအစီရင်ခံစာတွင် တင်ပြထားပါသည်။

## အစီရင်ခံစာ၏အကျဉ်းချုပ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက မြန်မာစစ်ကောစီနှင့် ၎င်းတို့၏အပေါင်းအပါများမှ ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို မြန်မာနိုင်ငံအတွင်း ဦးဆောင်ကျူးလွန်နေမှုအား ညီမျှခြင်း-မြန်မာ (EQMM)မှ အပြင်းအထန် ရှုတ်ချပါသည်။ နိုင်ထက်စီးနင်းကျသည့် ပြုမူဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများသည် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသူများ၊ အများပြည်သူလူထု၊ လှုပ်ရှားတက်ကြွသူများ၊ သတင်းထောက်များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ထိုအဖွဲ့အစည်းများအတွက် အန္တရာယ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုနှင့် စိုးရိမ်ရဖွယ်ရလာဒ်များ စတင်ဖြစ်ပေါ်စေခဲ့ပါသည်။ စစ်ကောင်စီ၏ အမြောက်ကျည်များ၊ စစ်ပိုင်းဆိုင်ရာဒရုန်းများ၊ ဒုံးကျဉ်များ၊ ဒုံးပျံများ၊ လေကြောင်းတိုက်ခိုက်မှုများတို့ကြောင့် အမျိုးသမီးများ၊ ကလေးငယ်များ၊ မသန်စွမ်းသူများ။သက်ကြီးရွယ်အိုများနှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် ထောင်ချီသည့် အပြစ်မရှိသော ပြည်သူများ အသက်ဆုံးရှုံးခံခဲ့ရပါသည်။ သို့ပါ၍ မြန်မာပြည်သူလူထု၊ ဒီမိုကရေစီမိတ်ဖက်အဖွဲ့အစည်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ လှုပ်ရှားတက်ကြွသူများနှင့် အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများသည်အလွန်ကြီးမားသော ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် ရင်ဆိုင်နေကြရပါသည်။

EQMM ၏ လေကြောင်းဆိုင်ရာတိုက်ခိုက်မှု အစီရင်ခံစာအရ ၂၀၂၁ အောက်တိုဘာလမှ ၂၀၂၂ အောက်တိုဘာလအထိ စုစုပေါင်း လေကြောင်းမှ တိုက်ခိုက်မှုပေါင်း ၃၀၆ကြိမ် ရှိပါသည်။ ထို့ကြောင့် ကချင်ပြည်နယ် အနန့်ပါ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမှ သေဆုံးသူ ၁၂၁ ဦး အပါအဝင် ပြည်သူ ၂၈၅ ဦး (ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ) အသတ်ခံခဲ့ရပါသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုနှင့် အုပ်စုလိုက်စီးနင်းဝင်ရောက် တိုက်ခိုက်မှုများနောက် ပြည်သူ ၂၄၈ ဦး အပြင်းအထန် ဒဏ်ရာရပြီး ၃၃၀ ဦးမှာ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဖမ်းဆီးခြင်း ခံခဲ့ရပါသည်။ သာသနာ့အဆောက်အဦးများ၊ ကျောင်းများနှင့် ဒေသတွင်း ဆေးရုံ၊ ဆေးပေးခန်း အမြောက်အများသည်လည်း မီးရှို့ဖျက်ဆီးခံခဲ့ရပါသည်။ ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အတင်းအကျပ်ပျောက်ဆုံးစေမှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုစသည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များသည်လည်း စစ်ကိုင်းတိုင်း၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ် ၊ ကချင်ပြည်နယ် နှင့် မကွေးတိုင်း တို့နှင့်အတူ အခြားသော မြန်မာပြည်ဒေသများတွင် ဆိုးရွားစွာဖြစ်ပေါ်နေသည်ကို ကျွန်ုပ်တို့ EQMMမှ ရှာဖွေတွေ့ရှိထားပါသည်။

မြန်မာစစ်ကောင်စီနှင့် ၎င်းတို့၏အပေါင်းအပါများမှ ဆိုးဆိုးရွားရွား ကျူးလွန်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ အမှုတွဲများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအား ချိုးဖောက်ထား ကြောင်းကိုလည်း အထင်အရှား ရှာဖွေတွေ့ရှိထားပါသည်။ အထူးသဖြင့် ဤအစီရင်ခံစာတွင် ပြည်သူရေးရာ နှင့် နိုင်ငံရေးအခွင့် အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်အား မြန်မာနိုင်ငံရှိ စစ်ကောင်စီနှင့် ၎င်းတို့၏ အပေါင်းအပါများက မည်သို့ ဆိုးဝါးလှစွာ ချိုးဖောက်ထားသည်နှင့် နိုင်ထက်စီးနင်းကျသည့် ပြုမူဆောင်ရွက်မှု ကျူးလွန်ထား သည်ကို အလေးထားဖော်ပြထားပါသည်။ အောက်ပါဇယားတွင် ဤအစီရင်ခံစာမှ အဓိကထားသည့် အရာများနှင့် ပြည်သူရေးရာ နှင့် နိုင်ငံရေးအခွင့် အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်တွင် ဤစာတမ်းမှ သတ်မှတ်ဖော်ပြသည့် အစိတ်အပိုင်းများကို အကျဉ်းချုံး အနေဖြင့် အကြမ်းဖျင်းဖော်ပြပေးထားပါသည်။

| အမှတ်စဉ် | ခေါင်းစဉ် | နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (ICCPR) ပါ ပုဒ်မများ |
|---|---|---|
| ၁။ | နိုင်ငံတော်၏ အရေးပေါ်အခြေအနေကြေငြာခြင်း | ICCPR ပုဒ်မ ၄ အား ချိုးဖောက်သည်။ |
| ၂။ | အများပြည်သူအား ဥပဒေမဲ့သတ်ဖြတ်ခြင်း | ICCPR ပုဒ်မ ၆ အား ချိုးဖောက်သည်။ |
| ၃။ | သေဒဏ်ပေးခြင်း | ICCPR ပုဒ်မ ၆ နှင့် ၁၄ အား ချိုးဖောက်သည်။ |
| ၄။ | ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မညှာမတာ ပြုမူခြင်း။ | ICCPR ပုဒ်မ ၆၊ ၇ နှင့် ၁၀ တို့အား ချိုးဖောက်သည်။ |
| ၅။ | မတရား ဖမ်းဆီးချုပ်နှောင်ခြင်း။ | ICCPR ပုဒ်မ ၉ အား ချိုးဖောက်သည်။ |
| ၆။ | အတင်းအကြပ် နေရာပြောင်းရွှေ့စေခြင်း | ICCPR ပုဒ်မ ၁၂ အား ချိုးဖောက်သည်။ |
| ၇။ | တရားစီရင်ရေးနှင့် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ လွတ်လပ်ခွင့် | ICCPR ပုဒ်မ ၁၄ အား ချိုးဖောက်သည်။ |
| ၈။ | ပုဂ္ဂလိကလွတ်လပ်ခွင့် | ICCPR ပုဒ်မ ၁၇ အား ချိုးဖောက်သည်။ |
| ၉။ | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့် | ICCPR ပုဒ်မ ၁၉ အား ချိုးဖောက်သည်။ |
| ၁၀။ | လွတ်လပ်စွာ စုဝေးခွင့် | ICCPR ပုဒ်မ ၂၁ အား ချိုးဖောက်သည်။ |
| ၁၁။ | လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းပိုင်ခွင့် | ICCPR ပုဒ်မ ၂၂ အား ချိုးဖောက်သည်။ |
| ၁၂။ | လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှု | ICCPR ပုဒ်မ ၃၊ ၆၊ ၇နှင့် ၂၄ တို့အား ချိုးဖောက်သည်။ |
| ၁၃။ | လူနည်းစုအခွင့်အရေး | ICCPR ပုဒ်မ ၂၇ အား ချိုးဖောက်သည်။ |

နိဂုံးအပိုင်းတွင် ကျွန်ုပ်တို့အနေနှင့် မြန်မာနိုင်ငံအတွင်း အခြေအနေသည် ဘက်ပေါင်းစုံမှ ယိုယွင်းလာနေခဲ့ပြီဟု မှတ်ဆိုရပါမည်။ တိုးပွား၍သာလာသော သက်သေသက္ကာယများမှ တပ်မတော်သည် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ဆိုးဝါးစွာ ကျူးလွန်နေလျက်သာရှိသည်ကို ပြသပေးနေပါသည်။ မည်သို့ပင်ဖြစ်စေ တိကျပြတ်သားသော အရေးယူမှု မရှိသောကြောင့် နိုင်ငံတကာ အသိုက်အဝန်းသည်လည်း တပ်မတော်အား အပြစ်ဒဏ်မှ လုံးဝ ကင်းလွတ်ခွင့်အား ခံစားနိုင်စေရင် အခွင့်ပေးထားနေမြဲဖြစ်နေပါသည်။ တပ်မတော်၏ ရက်စက်ကြမ်းကြုတ် မှုများအား ရပ်တန့်ရန်နှင့် ၎င်းတို့အား တာဝန်ခံမှုရှိစေရန်အလို့ငှာ ပိုမို ပြင်းထန်သော၊ သတ်မှတ်ထားပြီး  တိကျပြတ်သားသော အရေးယူမှုများ လိုအပ်နေပြီး နိုင်ငံများနှင့် သက်ဆိုင်သည့် ဆက်စပ်ရာအားလုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက် လုပ်ဆောင်မှုတို့ကို ခိုင်မာစေရမည်ဖြစ်ပါသည်။ ထို့အပြင် အခြေအနေသည် ဆိုးရွားလာပြီး တိုင်းပြည်၏ တရားဥပဒစိုးမိုးရေးသည်လည်း ယိုယွင်းပျက်စီးလာနေသောကြောင့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားခြင်းဆိုင်ရာ စာနာထောက်ထားမှုဆိုင်ရာဥပဒေအား ပါဝင်ပက်သက်သည့် မည်သည့်ပါတီမဆို ချိုးဖောက်ခြင်းမှ တားဆီးရန်အတွက် ကြိုးပမ်းကြရမည် ဖြစ်သည်။ ထိုသို့ ကြိုးပမ်းမှုများအား စောင့်ကြပ်ကြည့်ရှုခြင်းဖြင့်သာ မကဘဲ အကူအညီပေးခြင်းနှင့် စွမ်းရည်မြှင့်တင် ခြင်းတိုကို လည်း စစ်အစိုးရ အုပ်ချုပ်ခြင်းအား ဆန့်ကျင်နေသည့် အဖွဲ့အစည်းများအားလုံး နှင့်တကွ မြန်မာ့အမျိုးသား ညီညွတ်ရေး အစိုးရအား နိုင်ငံတကာ လူ့အခွင့်အရေးတရား ဥပဒေလားလိုက်နာစေရန် အတွက် စီစဉ်ပေး သင့်ပါသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မြန်မာပြည်တွင်း ပြည်သူလူထု၏ အခွင့်အရေးများနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ အလွန့်အကျွံချိုးဖောက်မှုနှင့်  ၎င်းတို့အား ထိထိရောက်ရောက် ကာကွယ်နိုင်ရန် နိုင်ငံတော်အဆင့် စွမ်းရည်မြှင့်တင်ခြင်း၏ အရေးပါမှုတို့နှင့် စပ်လျဉ်း၍ NUGအနေနှင့် ICCPR နှင့် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးကွန်ဗင်းရှင်း (CAT) တို့မှ သဘောတူညီချက်ရယူခြင်းသည် ပထမဦးဆုံး လှမ်းနိုင်မည့် ခြေလှမ်းဖြစ်ပါသည်။ ပိုမို တိကျသည့် လုပ်ဆောင်ချက်များအား အောက်တွင် အကြံပြုပေး ထားပါသည်။

## အကြံပြုချက်များ

### အမျိုးသားညီညွတ်ရေးအစိုးရ

- ICCPR နှင့် CAT အတည်ပြုလက်မှတ်ထိုးမှုအမြန်ရယူနိုင်ရန် လိုအပ်သော စီမံချက်အားလုံးကို ဆောင်ရွက်ပေးပါရန်။
- တာဝန်ယူမှု၊တာဝန်ခံမှုများအကောင်အထည်ဖော်လာစေရန်အတွက်သက်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂယန္တရားများအားလုံးနှင့်ထိတွေ့မှုရရှိနိုင်ရန်အပြုသဘောဆောင်သောပူးပေါင်းဆောင်ရွက် မှုများ လုပ်ဆောင်ပေးရန်။
- ထိန်းချုပ်နယ်မြေများအတွင်းတွင် တာဝန်ယူမှုများအား ခိုင်မာလာစေခြင်း အပါအဝင် ICCPR နှင့် CAT အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာတရားဥပဒေများအား ထိရောက်စွာ အကောင်အထည် ဖော်နိုင်စေရန်အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကို တိုးမြှင့် ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးပါရန်။
- အကောင်အထည်ဖော်ဆောင်ရေးများအတွက် ၎င်းတို့၏စွမ်းဆောင်ရည်များအား တည်ဆောက်ရာတွင် ပြင်ပမှအထောက်အပံ့များ လိုအပ်နေသည့် နေရာဒေသများကို သတ်မှတ်ထားနိုင်ရန်။

### နိုင်ငံတကာအသိုက်အဝန်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ တစ်ခုလုံး အနေနှင့်

- လက်နက်များ၊ စစ်ရိက္ခာပစ္စည်းများ၊ လေယာဉ်ဆီနှင့် ပြည်တွင်းထုတ်လုပ်သည့် ပစ္စည်းများအတွက် စစ်ကောင်စီက သုံးသည့် အခြားသော ပစ္စည်းကိရိယာများ တိုက်ရိုက်တင်ပို့ခြင်းအား တားမြစ်ခြင်း အပါအဝင် တရားမဝင် စစ်ကောင်စီနှင့် ၎င်းတို့၏အပေါင်းအပါများအပေါ် ချမှတ်ထားသည့် ပိတ်ဆို့ အရေးယူမှုများအား တိုးမြှင့်ပေးနိုင်ရန်။
- ရေနံနှင့် သဘာဝဓါတ်ငွေ့အကျိုးအမြတ်အပါအဝင် စစ်ကောင်စီ၏ စီးပွားရေးလုပ်ငန်းများအား စီးပွားရေးဆိုင်ရာအစီအမံများ တိုးမြှင့်ခြင်းအားဖြင့် ၎င်း၏ အမြတ်ငွေကြေးများကို ဖယ်ရှားပစ်ရန် အတွက် စီမံချက်များကို ဆောင်ရွက်ပေးပါရန်။
- ကမ္ဘာ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အား အကျိုးသက်ရောက်စေနိုင်သည့် စီမံချက်များ ကို ခိုင်ခိုင်မာမာ ဆောင်ရွက်ပေးပါရန်။
- အာဆီယံအား အထူးတလည် ထောက်ခံပေးပါရန်။
- ERO နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ လမ်းကြောင်းများ အပါအဝင် အားလုံးသော အဖွဲ့အစည်း များအားနယ်စပ်ဖြတ်ကျော်၍ လူသားချင်းစာနာမှုအကူအညီ အရေးပေါ်ပေးအပ်ရေးအား ဦးစားပေး ဆောင်ရွက်ရန်။

- ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများ အပါအဝင် ပြည်သူများအား အကာအကွယ်ပေးရန်နှင့် ရှေ့လျှောက် စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုများမှ တားဆီးရန်အတွက် အစီအမံများအား တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်။
- တတိယနိုင်ငံများသို့ ဘေးကင်းစွာ ရွှေ့ပြောင်းခြင်းအတွက် ပံ့ပိုးခြင်းများအပါအဝင် အိမ်နီးချင်းနိုင်ငံများဆီသို့ မြန်မာ့နိုင်ငံရေးခိုလှုံခွင့်တောင်းသူနှင့် စစ်ဘေးရှောင်သူများအား ပိုမိုကောင်းမွန်သော ကာကွယ်ရေးနှင့် အကူအညီများ စီစဉ်ပေးရန်။
- ပြည်သူများအား အကာအကွယ်ပေးရေးနှင့် လူသားချင်းစာနာမှုအကူအညီ အရေးပေါ်ပေးအပ်ရေးအား ဦးစားပေးရန်၊ ရှေ့လျှောက် စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုများမှ တားဆီးရန်နှင့် ဘုံသဘော တူညီချက်အား ဖြည့်စွပ်လုပ်ဆောင်မှုအပိုင်းတွင် မအောင်မြင်မှုအား ပြောကြားရန် စသည့်တို့အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်ဘက် အဖွဲ့အစည်း များနှင့် ထိရောက်စွာ ထိတွေ့ဆက်ဆံမှုအပါအဝင် အာဆီယံ ဘုံသဘော တူညီချက် ၅ ရပ်အား ခိုင်မာလာ အောင်ဆောင်ရွက်ရန်။
- အမျိုးသားညီညွတ်ရေးအစိုးရနှင့် အများပြည်သူအရှေ့တွင် ထိတွေ့ဆက်ဆံမှုများပြုလုပ်ပေးပါရန်။ တပ်မတော်၏ အတုအယောင် ရွေးကောက်ပွဲ များ ကျင်းပရန်ကြိုးပမ်းနေမှုများအား တားဆီးပိတ်ပင်ပေးရန်။ တပ်မတော်အား တရားဝင်မှုဖြစ်လာစေမည့် မည်သည့်လုပ်ရှားမှုမျိုးကို မဆို ငြင်းပယ်ပါ၊ တပ်မတော် တရားဝင်ရပ် တည်မှုအား ပေးအပ်နိုင်သည့် ရည်ရွယ်ချက် သို့မဟုတ် နောက်ဆက်တွဲဖြစ်ရပ်များ ရှိနေနိုင်သောအစည်း အဝေးများ၊ ညီလာခံများနှင့် အခြားသော ပွဲများသို့ တပ်မတော် အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ အားလုံးတက်ရောက်ခွင့် နှင့် ပါဝင်ပက်သက်ပိုင်ခွင့်အား ပိတ်ပင်တားဆီးပေးပါရန်။

## ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ

ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အခန်း ၇ တွင် ပါဝင်သော အချက်အလက်များအပါအဝင် လိုသလို အသုံးပြုနိုင်သော အစီအမံအားလုံးကို ထည့်သွင်းစဉ်းစားပြီး တက်ကြွစွာ စီမံဆောင်ရွက်ပေးပါရန်။

## ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ

- မြေပြင်ပေါ် ရှိ အရှိတရားအား ထင်ဟပ်သည့် ပြင်းထန်နိုင်သမျှ ပြင်းထန်ထားသော ဆုံးဖြတ်ချက်အား ချမှတ်ပေးပါရန် ။ အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင် ဒီမိုကရက်တစ် အဖွဲ့အစည်းများအား ထောက်ခံအားပေးပြီး စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုအား ရှုတ်ချရန်။
- နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေ ချိုးဖောက်မှုကျူးလွန်သူများအား တရားစွဲဆိုရေးအတွက်အထူးခုံရုံးဖွဲ့ခွင့် အလားအလာအား ရှာဖွေရန်နှင့် နစ်နာခဲ့သူများအတွက်

ထိရောက်သော ကုစားမှုများ ရနိုင်ခွင့်များကို စီစဉ်ပေးရန် ကမ္ဘာ့ကုလသမဂ္ဂအတွင်းအရေးမှူးအား တောင်းဆိုအပ်ပါသည်။

- အပြည်ပြည်ဆိုင်ရာ ခုံရုံး၏ ကျင့်သုံးသည့်အလေ့အထအရ အမျိုးသားအဆင့်တရားစီရင်မှုကို ထိရောက်စွာ သတ်မှတ် ပေးထားရန်နှင့် ဖြစ်စဉ်အမှုတွဲများ ပြင်ဆင်ခြင်းအား အပြီးသတ်ပေးရန် IIMM အဖွဲ့အား တောင်းဆိုပါသည်။
- ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအတွင်းရှိ ရိုဟင်ဂျာနှင့် မြန်မာနိုင်ငံသားအားလုံးအား အကာအကွယ်ပေးရန်နှင့် အတင်းအကြပ်ပြန်ပို့မှု မပြုရခြင်း ၊ ဥပဒေအား ချိုးဖောက်ခြင်းမှ ကာကွယ်ပေရန် အဖွဲ့ဝင်နိုင်ငံများကို မေတ္တာရပ်ခံပါသည်။
- မြန်မာစစ်ကောင်စီနှင့် ၎င်း၏ အပေါင်းအပါများနှင့် စီးပွားရေးဆိုင်ရာ သဘောတူညီမှုများပြုလုပ်ခြင်းမှ ရပ်သိမ်းပေးရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုပေးပါသည်။
- အကြံပေးဆွေးနွေးပွဲကဲ့သို့သော မြန်မာ့မိတ်သဟာများအဖွဲ့ ဖွဲ့စည်းနိုင်မည့်အလားအလာအား ရှာဖွေရန် ကမ္ဘာ့ကုလသမဂ္ဂအတွင်းအရေးမှူးအား တောင်းဆိုပါသည်။
- ကုလသမဂ္ဂမှ မြန်မာနိုင်ငံအပေါ် ခိုင်ခိုင်မာမာအရေးယူဆောင်ရွက်မှုများအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီထံသို့ အစီရင်ခံစာတင်ရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အား တောင်းဆိုပါသည်။

**ICC**

- မြန်မာနိုင်ငံအတွင်း ဇူလိုင်လ ၁ ရက် ၂၀၀၂ ခုနှစ်မှစ၍ ကျူးလွန်ခဲ့သော နိုင်ငံတကာရာဇဝတ်များနှင့် စပ်လျဉ်း၍ အမျိုးသားညီညွတ်ရေးအစိုးရမှ သဘောတူခဲ့သည့် နိုင်ငံတကာရာဇဝတ်ရုံး၏ စာချုပ် (ရောမစာချုပ်)၏ ကြေညာစာတန်း အပိုဒ် ၁၂(၃)အရ မြန်မာ့ပိုင်နက်အားလုံးအား မြန်မာ/ဘင်္ဂလားဒေ့ရှ်ရှိ အခြေအနေအား စုံစမ်းစစ်ဆေးမှုဖြစ်စဉ်အောက်တွင် ထားရှိရန်အတွက် ၎င်းစုံစမ်းစစ်ဆေးမှုအား တိုးမြှင့်လုပ်ဆောင်ပေးပါရန်။

**ICJ**

- The Genocide Convention အရစွဲဆိုထားသော ဂမ်ဘီယာနှင့် မြန်မာအမှုတွဲအတွက်အမျိုးသား ညီညွတ်ရေးအစိုးရမှ ခန့်အပ်ထားသော ကိုယ်စားလှယ်အား လက်ခံပေးပါရန်။